UNIAP

UNITED NATIONS INTER-AGENCY PROJECT ON HUMAN TRAFFICKING

# သတင်းထုတ်ပြန်ချက်

## နယ်စပ်ဖြတ်ကျော်လူကုန်ကူးခြင်းကိုတိုက်ဖျက်ရန်
## မဲခေါင်နိုင်ငံများဒေသဆိုင်ရာစွမ်းရည်မြှင့်တင်

အယုဒ္ဓယ၊ ၂၀၀၉ ခု ဇွန်လ ၁၉ ရက်။ ကုလသမဂ္ဂအဆိုအရ ကမ္ဘာအနှံ့အပြားတွင် ခန့်မှန်းခြေလူကုန်ကူးခံရသူပေါင်း ၂. ၅သန်း ခန့်ရှိပြီးအများစုမှာအာရှနှင့်ပစိဖိတ်ဒေသမှဖြစ်သည်။ လူကုန်ကူးသူများသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃၁ သန်းခန့် အမြတ်အစွန်း ရရှိလျက်ရှိကြသည်။ လူကုန်ကူးမှုပြဿနာကိုဖြေရှင်းရန်အတွက်မဲခေါင်မြစ်ဝှမ်း (၆) နိုင်ငံမှ ကိုယ်စားလှယ်များသည် နိုင်ငံဖြတ်ကျော်မှုခင်းဖြစ်သော လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများကိုအားဖြည့်ရန်အတွက် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့တွင်ကျင်းပသော ရက်သတ္တတစ်ပတ်ကြာသင်တန်းကို တက်ရောက်ခဲ့ကြသည်။

အစိုးရနှင့်တရားဥပဒေစိုးမိုးရေးအရာရှိများ၊ တရားရေးအဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူကုန်ကူးခံရသူများကိုအကူအညီပေးသည့်အဖွဲ့စည်းများမှ ကိုယ်စားလှယ်များ တက်ရောက်သော ထိုဒေသဆိုင်ရာသင်တန်းသည် မဲခေါင်မြစ်ဝှမ်းဒေသဝန်ကြီးများ အဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး (COMMIT) လုပ်ငန်းစဉ်၏ရှေ့ဆောင်လမ်းပြလုပ်ငန်းတစ်ခုဖြစ်သည်။ COMMIT လုပ်ငန်းစဉ်သည်ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံအစိုးရများဦးဆောင်၍ တရားဝင်ပူးပေါင်းဖွဲ့စည်းထားမှုတစ်ခုဖြစ်သည်။ လူကုန်ကူးခြင်းကိုတိုက်ဖျက်သောကုလသမဂ္ဂစီမံချက် (UNIAP) သည် COMMIT လုပ်ငန်းစဉ်၏အတွင်းရေးမှူးအဖွဲ့အဖြစ်ဆောင်ရွက်ပြီး IOM ၊ ILO၊ World Vision၊ UNICEF၊ Asian Development Bank နှင့် ဩစတြေးလျ အစိုးရ အထောက်အပံ့ပေးထားသော Asia Regional Trafficking in Persons Project (ARTIP) စသောအဖွဲ့အစည်းများကလည်း ဤလုပ်ငန်းစဉ်ကိုအကူအညီများကျယ်ကျယ်ပြန့်ပြန့်ပေးလျက်ရှိကြသည်။ ၂၀၀၄ ခုနှစ်တွင် COMMIT နိုင်ငံများသည်လူကုန်ကူးမှုတိုက်ဖျက်ရေးကို ခိုင်ခိုင်မာမာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သမိုင်းတွင်မည့် ဝန်ကြီးများအဆင့်နားလည်မှုစာချွန်လွှာကိုလက်မှတ် ရေးထိုးကာ ကတိကဝတ်ပြုခဲ့ကြသည်။ ဤကဲ့သို့သောသဘောတူညီချက်မျိုးသည် ကမ္ဘာပေါ်တွင် တစ်ခုတည်းသာရှိသည်။ ဤဒေသဆိုင်ရာလူကုန်ကူးမှုတိုက်ဖျက်ရေးသင်တန်းသည် လူကုန်ကူးခြင်းနှင့်ခေါင်းပုံဖြတ်ခြင်းကိုတိုင်းတာနိုင်သည့် အညွှန်းကိန်းများကိုဖော်ထုတ် သတ်မှတ်ရန်၊ ပါဝင်ပတ်သက်သောမှုခင်းများနှင့်ပြစ်မှု ကျူးလွန်သူများကိုစုံစမ်းထောက်လှမ်းရန်၊ လူကုန်ကူးခံရသူများကိုစိစစ်ပြီးကာကွယ်စောင့်ရှောက်ရန်၊လူကုန်ကူးမှုအန္တရာယ်ကျရောက်စေနိုင်သောအချက်အလက်များကိုဖော်ထုတ်သတ်မှတ်၍လျှော့ချရန်နှင့် နယ်စပ်ဖြတ်ကျော်ပူးပေါင်း ဆောင်ရွက်ရေးစနစ်များကိုပိုမိုခိုင်မာစေရန်စသည့် ကြိုးပမ်းမှုများ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။

**UNIAP Regional Management Office | www.no-trafficking.org**

United Nations Building 7th floor | Block B Rajdamnern Nok Ave. | Bangkok 10200

Tel: +66-2-288-2213 | Fax: +66-2-280-0268

ယခုပြုလုပ်ခဲ့သည့်တစ်ပတ်သင်တန်းကိုတက်ရောက်သူအချို့ကယင်းတို့၏အမြင်များကို အောက်ပါအတိုင်းပြောပြခဲ့ကြသည်။

"လူကုန်ကူးခြင်းသည် နိုင်ငံအချင်းချင်းအကြားပူးပေါင်းဆောင်ရွက်မှုနှင့်ဆွေးနွေးမှုများ လိုအပ်သောနိုင်ငံဖြတ်ကျော်မှုခင်းဖြစ်သည်" ဟုသင်တန်းတက်ရောက်လာသော တရုတ်အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာန၊ အထူးစုံစမ်းထောက်လှမ်းရေး (DSI) မှ ဒုတိယရဲမှူးကြီး Chachvan Bunmee က ထိုင်းနိုင်ငံအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးကို ဆောင်ရွက်နေသူအမျိုးအစားများစွာတို့၏အရေးပါပုံကိုမီးမောင်းထိုးပြသွားသည်။ " ထိုင်းနိုင်ငံတွင် သံသယရှိဖွယ်လူကုန်ကူးသူများကိုစုံစမ်းထောက်လှမ်းခြင်း၊ဝင်ရောက်စီးနင်းခြင်းတို့မှာရဲတပ်ဖွဲ့ဝင်တို့၏တာဝန်ဖြစ်သည်။ ဤလုပ်ငန်းစဉ်များကိုလုပ်ဆောင်ရာတွင် လူမှုဝန်ထမ်းနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုကိုလည်းရယူရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့အစည်းများမှရဲလုပ်ငန်းစဉ်များအတွက်အသုံးတည့်ပြီးမရှိမဖြစ် လိုအပ်သည့်သတင်းအချက်အလက်များကိုပေးနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။

ကမ္ဘောဒီးယားမှအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် LICADHO မှ Mr Chhuon Vibol က အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ရပ်ရွာအသင်းအဖွဲ့များသည် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးလုပ်ငန်းစဉ်၏အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ရမည်ဖြစ်ကြောင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုဝန်ထမ်းများသည် အောက်ခြေနှင့်ရပ်ရွာအဆင့်ရှိတွင် အလွန်အရေးကြီးသောသတင်းအချက်အလက်များကိုစုဆောင်းနိုင်သောကြောင့် ကျွန်ုပ်တို့သည်အောက်ခြေ၌အမှန်တကယ်ဖြစ်နေသော အခြေအနေကိုသိနိုင်မည်ဖြစ်ကြောင်းပြောကြားသွားသည်။ ဤသတင်းအချက်အလက်များသည် လူကုန်ကူးခံရသူများ၏ ဘဝရပ်တည်ရန်ခက်ခဲနေမှုများကိုသိရှိစေနိုင်ပြီးမည်ကဲ့သို့သောကူညီထောက်ပံ့မှုနှင့်ကာကွယ်စောင့်ရှောက်မှုများကငင်းတို့အတွက်အကောင်းဆုံးနှင့်အထိရောက်ဆုံးဖြစ်သည်ကိုလည်းရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ကြောင်းပြောပြခဲ့ပါသည်။

မြန်မာနိုင်ငံတရားရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန့်အေးအေးကြည်က သင်တန်းနှင့်ပတ်သက်၍ငင်း၏အသိအမှတ်ပြုမှုကိုပြောကြားသွားသည်။ လူကုန်ကူးသူများကို အချုပ်ခန်းသံတိုင်များနောက်သို့ရောက်သွားသည်ကိုမြင်ချင်ကြောင်း၊ မြန်မာများသည် နယ်စပ်ဖြတ်ကျော်၍ အခြားနိုင်ငံများသို့မကြာခဏလူကုန်ကူးခံကြရကြောင်း၊ ငင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ၊ ငင်းနိုင်ငံများ၏တရားဥပဒေစနစ်များကိုနားမလည်ဘဲ ထိုစက်ဆုတ်ဖွယ်ရာပြစ်မှုကျူးလွန်နေကြသူများကိုအရေးယူရန်မဖြစ်နိုင်ကြောင်းပြောကြားသွားပါသည်။

ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ လူကုန်ကူးတိုက်ဖျက်ရေးရုံးဌာနမှူး အဆင့်မြင့်ဒုတိယဗိုလ်မှူးကြီး Mr Tran Dinh Huan က ယခုဖြစ်ပေါ်နေသော ကမ္ဘာ့စီးပွားရေးကျဆင်းမှုပြဿနာကြောင့် ရပ်ရွာနှင့်မိသားစုများမှာ ဘဝရပ်တည်ရန်ခက်ခဲပြီးလူကုန်ကူးမှုအန္တရာယ်ကျရောက်နိုင်ကြောင်းအလေးထားပြောကြားသွားပါသည်။ ဒေသတွင်းရှိ ဗီယက်နမ်နှင့်အခြားနိုင်ငံများတွင်လွန်ခဲ့သော (၆) လကျော်ခန့်ကစက်ရုံအလုပ်ရုံပေါင်းရာပေါင်းများစွာ ပိတ်ခဲ့ပြီးအလုပ်သမားထောင်ပေါင်းများစွာအလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ ငင်းတို့အတွင်းမှ အများစု

မှာရွှေ့ပြောင်းလုပ်သားများဖြစ်ကြပြီး ယခုအခါမိမိတို့ရပ်ရွာများသို့ပြန်သွားကြပြီ ဖြစ်ကြောင်း ပြောကြားသွားသည်။ ကျွန်ုပ်တို့သည် ဤကမ္ဘာ့စီးပွားရေးကျဆင်းမှုပြဿနာ၏အကျိုးဆက်ကိုခံစားနေရသည့်အလုပ်သမားများနှင့်၎င်းတို့၏မိသားစုများကို ခေါင်းပုံဖြတ်ခံရမှုအန္တရာယ်မှ တတ်အားသရွေ့ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်ဟုပြောကြားသွားသည်။

လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ Mr Vannaleth Chanthavong က လူကုန်ကူးခြင်းကိုကြိုတင်ကာကွယ်တားဆီးရန်မှာ မိမိနိုင်ငံတွင်ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းနှင့်ပိုမိုအရည်အသွေးကောင်းမွန်သော နေထိုင်မှုအဆင့်အတန်းကို ရရှိစေရန်ဆောင်ရွက်ပေးသင့်ကြောင်း၊လာအိုနိုင်ငံသည်ရင်းမြစ်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ရင်းမြစ်နိုင်ငံဆိုသည်မှာ လာအိုနိုင်ငံသားတို့သည်အခြားနိုင်ငံများသို့လူကုန်ကူးခံနေရသည်ဟု ဆိုလိုကြောင်း၊ မိမိနိုင်ငံအတွင်းအလုပ်အကိုင်များပို၍ရှိပါက နိုင်ငံရပ်ခြားတွင်အလုပ်လုပ်ကိုင်ခြင်းများကိုလျော့ကျလာစေမည်ဖြစ်ကြောင်းဖြည့်စွက်ပြောကြားသွားပါသည်။

လူကုန်ကူးမှုဖြစ်ရခြင်းအကြောင်းအရင်းများစွာရှိပြီးဤပြဿနာသည်အလွန်ရှုပ်ထွေးသည့် ပြဿနာတစ်ခုဖြစ်သည်။ လူကုန်ကူးမှုကိုကိုင်တွယ်ဖြေရှင်းရန်ခက်ခဲသည့်အကြောင်းအရင်းများအတွင်းမှအဓိကအကြောင်းအရင်းများမှာ နိုင်ငံများအကြားညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်းနှင့်သက်ဆိုင်ရာအစိုးရများအနေနှင့်ဤပြဿနာကိုမည်သို့ထိရောက်စွာ ဖြေရှင်းရမည်ဆိုသည့် ဗဟုသုတနည်းပါးခြင်းတို့ဖြစ်သည်။ COMMIT ကဲ့သို့သောလုပ်ငန်းစဉ်များသာ မရှိလျှင် သန်းပေါင်းများစွာသောအပြစ်မဲ့လူကုန်ကူးခံရသူများမှာ လူကုန်ကူးသူများ၏ လက်တွင်းသို့ ရောက်ရှိပြီးလူကုန်ကူးသူများမှာအန္တရာယ်နည်းပြီး အမြတ်အစွန်းများသော ဤမှုခင်းမှ အကျိုးအမြတ်များစွာဆက်လက်ရရှိနေမည်ဖြစ်ပါသည်

အသေးစိတ်သိလိုပါကအောက်ပါပုဂ္ဂိုလ်များထံသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**အင်္ဂလိတ်ဘာသာ**
Ms. Dominique Larsimont, UNIAP
dominique.larsimont@undp.org
+66 2 288 2673 (Thailand)

**တရုတ်ဘာသာ**
Ms. He Yuxiao, UNIAP
yunxiao.he@public.un.org.cn
+86 10 6420 1827 (China)

**လာအိုဘာသာ**
Mr. Phimmasone Thongphataysack, UNIAP
phimmasone.thongphataysack@undp.org
+856 21 267 792 (Lao PDR)

**ထိုင်းဘာသာ**
Ms. Suparnee Pongruengphant, UNIAP
suparnee.pongruengphant@un.or.th
+66 2 288 1746 (Thailand)

**ဗီယက်နမ်ဘာသာ**
Ms. Nguyen Thi Cam Thuy, UNIAP
nguyen.thi.cam.thuy@un.org.vn
+84 43 942 6511 (Vietnam)

**မြန်မာဘာသာ**
Mr. Aung Ye Htut, UNIAP
ayhtut.uniapmm@undp.org
+95 1 254 852/3 (Myanmar)

**ခမာဘာသာ**
Mr. Huot Vichheka, UNIAP
vichheka.huot@undp.org
+855 23 211 240 ext.334 (Cambodia)